# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၉ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃၆၇

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၉ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၁၇ တွင် ချမှတ်သော ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအပေါ် တင်သွင်းသော အယူခံမှု

| | | |
|---|---|---|
| ဦးစိန်ဝင်း | နှင့် | ၁။ ဦးမောင်မောင်မြင့် |
| | | ၂။ ဒေါ်ခိုင်ခိုင်ဝင်း |
| အယူခံတရားလို | | အယူခံတရားပြိုင်များ |

အယူခံတရားလိုအတွက် - ဒေါ်ဆုပြည့်သိန်းဌေး၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်များအတွက် - ဦးမြင့်နိုင်ဦး၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်

ဟင်္သာတခရိုင်တရားရုံး၊ ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၂ တွင် တရားလို ဦးစိန်ဝင်း က တရားပြိုင် ဦးမောင်မောင်မြင့် ပါ- ၂ ဦးအပေါ် မတ်ပဲအိတ် (၁၀၅၀) အတွက် တန်ဘိုးငွေ ၆၃၆၆၀၉၃၇ ကျပ်ရလိုကြောင်း စွဲဆိုရာ တရားလိုသည် တရားပြိုင်များထံမှ မတ်ပဲအိတ် (၁၀၅၀) အိတ်တန်ဘိုးငွေ (၃၂၁၈၉၀၆၂) ကျပ်ရထိုက်ကြောင်း အနိုင်ဒီကရီချမှတ်ခဲ့သည်။ အဆိုပါစီရင်ချက်နှင့်ဒီကရီအပေါ် ဦးစိန်ဝင်း က ဧရာဝတီ တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၉ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၁၇ ဖြင့် အယူခံဝင်ရာ ဟင်္သာတခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီအားအတည်ပြုသဖြင့် အယူခံတရားလို ဦးစိန်ဝင်း က ဤအယူခံမှုကို တင်သွင်းသည်။

ဆိုလွှာတွင် တရားလိုနှင့် တရားပြိုင်များမှာ တစ်မြို့တည်းနေပြီး ခင်မင်ကြသူများဖြစ်ကြောင်း၊ မတ်ပဲအရောင်းအဝယ်လုပ်ကြကြောင်း၊ တရားလိုက တရားပြိုင်များထံမှ ၄-၁၁-၂၀၁၄ နေ့တွင် မတ်ပဲ (၅၀၀) ကို တစ်တင်းလျှင် (၁၉၅၀၀) ကျပ်ဈေးသင့်၍ (၁၄၅၆၄၀၆၂) ကျပ်ဖြင့်လည်းကောင်း၊ ၂၆-၁၁-၂၀၁၄ နေ့တွင် မတ်ပဲ (၃၀၀) ကို တစ်တင်းလျှင် (၂၀၀၀၀) ကျပ်ဈေးသင့်၍ (၉၀၀၀၀၀၀) ကျပ်၊ လုပ်သားခ ၁၂၀၀၀ ကျပ်၊ ၅-၁-၂၀၁၅ နေ့တွင် မတ်ပဲ (၂၅၀) အိတ်အား တစ်တင်းလျှင် ၂၃၀၀၀ ကျပ်ဖြင့်

(၈၆၂၅၀၀၀) ကျပ်ဖြင့် ဝယ်ယူပြီး မတ်ပဲအိတ် (၁၀၅၀) ကို ၃၁-၃-၂၀၁၅ နေ့တွင် အပ်နှံရန်ကတိပြုခဲ့ကြောင်း၊ တရားပြိုင်များက တရားလိုထံ ၃၁-၃-၂၀၁၅ နေ့တွင် မတ်ပဲများပေးအပ်ခြင်းမရှိ၍ ၂၀၁၅ ခုနှစ်၊ ၅ လပိုင်းတွင် မတ်ပဲတစ်တင်းလျှင် (၄၀၅၀၀) ကျပ်ဖြင့် တရားလို၊ တရားပြိုင်တို့ တန်ဘိုးသင့်ဈေးဖြတ်ခဲ့၍ မတ်ပဲဖိုးသင့်ငွေ (၆၃၆၆၀၉၃၇) ကျပ်ကို တရားပြိုင်များ ထံမှ တောင်းခံရာ တရားပြိုင်များက တစ်ပတ်စောင့်ဆိုင်းရန် ပြော၍ စောင့်ဆိုင်းခဲ့သော်လည်း မတ်ပဲဖိုး ငွေများ ပေးဆပ်ခြင်းမရှိကြောင်း အဆိုပြုသည်။

ချေလွှာတွင် တရားလိုသည် ၄-၁၁-၂၀၁၄ နေ့တွင် မတ်ပဲအိတ် (၅၀၀) အား တစ်တင်းလျှင် (၁၉၅၀၀) ကျပ်ဈေးသင့်၍ (၁၄၅၆၄၀၆၂) ကို ကြိုပွဲငွေစနစ်ဖြင့်ဝယ်ခဲ့ကြောင်း၊ ထိုနေ့မတ်ပဲတစ်တင်းလျှင် အမှန်ပေါက်ဈေး (၂၈၅၀၀) ကျပ်ဖြစ်ကြောင်း၊ ၂၆-၁၁-၂၀၁၄ နေ့တွင် ပဲအိတ် ၃၀၀ အား တစ်တင်းလျှင် ၂၀၀၀၀ ကျပ်ဖြင့် သင့်ငွေ ၉၀၀၀၀၀၀ ကျပ် အမှန်ပေါက်ဈေးမှာ ၂၇၀၀၀ ကျပ်ဖြစ်ကြောင်း၊ ၅-၁-၂၀၁၅ နေ့တွင် မတ်ပဲအိတ် (၂၅၀) အား တစ်တင်းလျှင် (၂၃၀၀၀) ကျပ်ဈေးဖြင့်သင့်ငွေ (၁၈၆၂၅၀၀၀) ကျပ်ပေး၍ ဝယ်ယူခဲ့ကြောင်း၊ ထိုနေ့မတ်ပဲတစ်တင်း အမှန်ပေါက်ဈေးမှာ (၂၉၀၀၀) ကျပ်ဖြစ်ကြောင်း တရားလိုများ ဝယ်ယူသည့် မတ်ပဲအိတ် (၁၀၅၀) ၏ စုစုပေါင်း တန်ဘိုးမှာ (၃၂၁၈၉၀၆၂) ကျပ်ဖြစ်ကြောင်း၊ တရားပြိုင်များက မတ်ပဲအိတ်များအား တောင်သူများထံမှ ဝယ်ယူပြီး တရားလိုသို့ပေးရမည့်ဖြစ်၍ မတ်ပဲပေါ်သည့် ၃၁-၃-၂၀၁၅ နေ့တွင် တရားလိုထံ ပဲအပ်ရန် သတ်မှတ်ခြင်းဖြစ်ကြောင်း၊ တောင်သူများထံမှ မတ်ပဲမရ၍ တရားပြိုင်များက မတ်ပဲအပ်နိုင်ခြင်းမရှိကြောင်း၊ ၂၀၁၅ ခုနှစ်၊ ၅ လပိုင်းတွင် မတ်ပဲတစ်တင်းလျှင် (၄၀၅၀၀) ကျပ်ဈေးဖြင့် တရားလိုသို့ ပြန်ပေးမည်ဖြစ်ကြောင်း မည်သည့်အခါကမျှ ကတိပေးခြင်းမရှိကြောင်း၊ တရားလို တောင်းခံသော (၆၃၆၆၀၉၃၇) ကျပ်မဟုတ်ကြောင်း၊ ဟင်္သာတကုန်စည်ဒိုင်သို့ မိမိနေထိုင်သည့်အိမ်နှင့် မြေအား ရောင်းချပြီး ခွဲဝေယူကြရန် တရားလို အပါအဝင် ပဲအိတ်ရရန်ရှိသူများကိုပေးခဲ့သော်လည်း တရားလိုမှ လက်ခံခြင်းမရှိ၍ ကုန်စည်ဒိုင်မှ ဖြေရှင်းပေးခဲ့ခြင်းမရှိကြောင်း ချေပသည်။

ဟင်္သာတခရိုင်တရားရုံးက တရားလို၊ တရားပြိုင်များထံ မတ်ပဲအိတ် (၁၀၅၀) အတွက် တန်ဘိုးငွေ အိတ်ဘိုးငွေ (၃၂၁၈၉၀၆၂) ကျပ်အား ကြိုပေး၍ ပဲများကို တရားပြိုင်များက ၃၁-၃-၂၀၁၅ နေ့ပေးရန် ဘောက်ချာရေးပြီး တရားလိုထံပေးခဲ့တာမှန်ကြောင်း၊ တရားပြိုင်များက တောင်သူများထံမှ ပဲများမရရှိ၍ တရားပြိုင်များဘက်က မတ်ပဲအရောင်းအဝယ် ပျက်ခဲ့ရကြောင်း၊ မတ်ပဲတစ်တင်းလျှင် (၄၀၅၀၀) ကျပ်ဖြင့် ၂၀၁၅ ခုနှစ်၊ ၅ လပိုင်းတွင် နှစ်ဦးနှစ်ဖက်သဘောတူ ဈေးဖြတ်ခဲ့ခြင်းမရှိကြောင်း သုံးသပ်၍ တရားလိုသည် တရားပြိုင်များထံက မတ်ပဲအိတ် (၁၀၅၀) အတွက် တန်ဘိုးငွေ (၃၂၁၈၉၀၆၂) ကျပ်ရထိုက်ကြောင်း အနိုင် ဒီကရီချခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က အမှုတွင် တရားလိုသတ်မှတ်သော အချိန်ကာလ၌ တရားပြိုင်များက မတ်ပဲမပေးနိုင်ပါက ထိုအချိန်ကာလပေါက်ဈေးနှင့်ပေးရန် တရားလိုဘက်က သက်သေထင်ရှားမပြနိုင်ခဲ့ကြောင်း၊ တရားလိုက မတ်ပဲဝယ်ရန် တရားပြိုင်များအား ငွေများပေးထား၍ တရားပြိုင်များက လက်ခံယူခဲ့ကြောင်း ပေါ်ပေါက်သဖြင့် ယင်းငွေများကို တရားလိုသို့တရားပြိုင်များက ပြန်လည်ပေးဆပ်ရန်တာဝန်ရှိကြောင်း သုံးသပ်၍ မူလဟင်္သာတခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီအား ဆက်လက် အတည်ပြုခဲ့သည်။

အယူခံတရားလို၏တရားလွှတ်တော်ရှေ့နေက အယူခံတရားလိုက အယူခံတရားပြိုင်များထံ မတ်ပဲဘိုးကျသင့်ငွေပေးချေကြောင်းကို အယူခံတရားပြိုင်များက လက်ခံရကြောင်း အငြင်းမပွားကြောင်း အယူခံတရားလိုနှင့် အယူခံတရားပြိုင်များသည် ၂၀၁၅ ခုနှစ်၊ မေလတွင်ရှိသည့် မတ်ပဲပေါက်ဈေး တစ်တင်းလျှင် (၄၀၅၀၀) ကျပ်ဈေးဖြတ်ခဲ့ကြောင်း၊ တရားလိုနှင့် ဦးမောင်မောင်ထွေး (လိုပြ-၁)တို့၏ ထွက်ချက်များ အရလည်းကောင်း၊ တရားပြိုင်များမှကုန်စည်ဒိုင်သို့ လက်မှတ်မထိုးဘဲတင်ပြသော စာရင်းများအရပေါ်ပေါက် ကြောင်း၊ ကုန်စည်ရောင်းချခြင်းအက်ဥပဒေပုဒ်မ ၅၇၊ ၆၀၊ ၆၁ (၂)(ခ) အရ မူလရုံးတရားလိုက တရားပြိုင်များ အပေါ် နစ်နာကြေးသာမက အတိုးငွေကိုပါ တရားစွဲဆိုတောင်းနိုင်ကြောင်း စီရင်ထုံးများကိုးကားလျက် ဟသ်ာတခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုခဲ့သော ဧရာဝတီတိုင်းဒေသကြီးတရား လွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီအား ပြင်ဆင်၍ မတ်ပဲ တစ်တင်းလျှင် (၄၀၅၀၀) ဈေးနှုန်းဖြင့် ပဲအိတ် (၁၀၅၀) အတွက် (၆၃၆၆၀၉၃၇) ကျပ်ကို အယူခံတရားပြိုင်များက ပေးဆပ်စေသည့်ဒီကရီချမှတ်ပေးရန် လျှောက်ထားတင်ပြသည်။

အယူခံတရားပြိုင်များ၏တရားလွှတ်တော်ရှေ့နေက မူလရုံးအမှုတွင် တရားလိုနှင့်တရားပြိုင် များ မတ်ပဲအရောင်းအဝယ်လုပ်ရာတွင် လုပ်ငန်းထုံးစံအရဘောက်ချာစာရွက်ပေါ်တွင် ဆောင်ရွက်ရကြောင်း၊ မူလရုံးတရားလို သက်သေခံတင်သွင်းထားသော ဘောက်ချာစာရွက်များကို ကျော်လွန်ပြီး မူလရုံးတရားပြိုင် ဦးမောင်မောင်မြင့်နှင့် ၂၀၁၅ ခုနှစ်၊ မေလ မတ်ပဲတစ်တင်းလျှင် (၄၀၅၀၀) ကျပ်နှုန်းဈေးဖြတ်ခဲ့သည်ဆိုသော ထွက်ဆိုတင်ပြချက်မှာ သက်သေခံဥပဒေပုဒ်မ ၉၁ အရ ပိတ်ပင်ပြီးဖြစ်ကြောင်း၊ မူလရုံးတရားလိုက မူလရုံး တရားပြိုင်များ၏ ပွဲရုံမှရရန်ရှိသည့် မတ်ပဲအိတ် (၁၀၅၀) အိတ်အတွက် မတ်ပဲတစ်တင်းလျှင် (၄၀၅၀၀) ကျပ် နှုန်းဈေးဖြတ်ထားကြောင်း၊ အရောင်းအဝယ်လုပ်ထားကြောင်း၊ ဘောက်ချာတင်ပြနိုင်ခြင်းမရှိကြောင်း၊ မူလ ရုံးတရားလိုနှင့်ပဋိညာဉ်လုပ်ခဲ့ခြင်းမရှိ၍ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၇၃ နှင့် ဥပမာ (က) မှ (ဒ) အထိညွှန်း၍ ပေါ်ပေါက်လာသော ဆုံးရှုံးခြင်း(သို့မဟုတ်) ပျက်စီးရခြင်းအတွက် လျော်ကြေးတောင်းခံခွင့်မရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က မူလရုံး၏စီရင်ချက်နှင့်ဒီကရီကို အတည်ပြုခဲ့ခြင်းမှာ ဥပဒေ အရ မှားယွင်းခြင်းမရှိကြောင်း လျှောက်ထားတင်ပြသည်။

သို့ဖြစ်၍ မူလဟသ်ာတခရိုင်တရားရုံးနှင့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်တို့၏ စီရင်ချက်နှင့်ဒီကရီများသည် ဥပဒေနှင့်ညီညွတ်ခြင်းရှိ မရှိ စိစစ်ရန်ဖြစ်သည်။

မူလမှုတွင် နှစ်ဖက်သက်သေခံချက်များအရ တရားလို ဦးစိန်ဝင်း သည် တရားပြိုင် ဦးမောင်မောင်မြင့် ပါ- ၂ ဦး၏ ပွဲရုံတွင်မတ်ပဲများကို ငွေကြိုပေးစနစ်ဖြင့်ဝယ်ယူ၍ မတ်ပဲအိတ် (၁၀၅၀) အတွက် ငွေစုစုပေါင်း (၃၂၁၈၉၀၆၂) ကျပ်ကိုတရားပြိုင်များထံမှ ၃ ကြိမ်ခွဲ၍ပေးဝယ်ခဲ့ပြီး တရားပြိုင်များက လည်း တရားလိုထံမတ်ပဲအိတ် (၁၀၅၀) ကို ၃၀-၃-၂၀၁၅ နေ့တွင် ပြန်ပေးရန်သဘောတူခဲ့ကြောင်း အငြင်းမပွားပေ။ တရားလိုက မတ်ပဲများဝယ်ရာ ၄-၁၁-၂၀၁၄ နေ့တွင် မတ်ပဲတစ်တင်းလျှင်ပေါက်ဈေး (၂၈၅၀၀) ကျပ်ကို (၁၉၅၀၀) ကျပ်ဖြင့်သတ်မှတ်၍ ပဲအိတ် (၅၀၀) အတွက် တရားပြိုင်များအား ကြိုတင်ငွေ (၁၄၅၆၄၀၆၂) ကျပ်ကိုလည်းကောင်း၊ (၂၆-၁၁-၂၀၁၄) နေ့တွင် မတ်ပဲတစ်တင်းလျှင် ပေါက်ဈေး (၂၇၀၀၀) ကျပ်ကို (၂၀၀၀၀) ကျပ်ဖြင့်သတ်မှတ်၍ မတ်ပဲအိတ် (၃၀၀) အတွက် ကြိုတင်ငွေ (၉၀၁၂၀၀၀) ကျပ်၊

(၅-၁-၂၀၁၅) နေ့တွင် မတ်ပဲပေါက်ဈေး (၂၉၀၀၀) ကျပ်ကို (၂၃၀၀၀) ကျပ်ဖြင့် သတ်မှတ်ပြီး မတ်ပဲအိတ် ၂၅၀ အတွက်ကြိုတင်ငွေ (၈၆၂၅၀၀၀) ကျပ်ပေးခဲ့ကြောင်း၊ ထိုသို့ ပေးအပ်ရာတွင် ဘောက်ချာ ပြေစာ သက်သေခံ(က)၊ (က-၁)၊ (က-၂) စာရွက်များပြုလုပ်၍ တရားလိုအား မူရင်းများပေးပြီး၊ တရားပြိုင်များက ဘောက်ချာပြေစာမိတ္တူများ လက်ခံထားရှိခဲ့ကြောင်း၊ သက်သေခံ (၄-၁၁-၂၀၁၄) နေ့စွဲပါဘောက်ချာ သက်သေခံ (၂၆-၁၁-၂၀၁၄) နေ့စွဲပါဘောက်ချာ၊ သက်သေခံ(၅-၁-၂၀၁၅) နေ့စွဲပါ ဘောက်ချာ၊ သက်သေခံ(၃) သက်သေခံ(၄) နှင့် သက်သေခံ(၅) ဘောက်ချာတို့အရတွေ့ရှိ ပေါ်ပေါက်သည်။ တရားလို ဦးစိန်ဝင်း၏ ထွက်ဆိုချက်၊ တရားပြိုင်များ ပြန်လှန်စစ်မေးချက်များအရလည်း တရားလို ဦးစိန်ဝင်းက မတ်ပဲများ ၄-၁၁-၂၀၁၅ နေ့ဝယ်ရာတွင် ပေါက်ဈေးထက်တစ်တင်းလျှင် ၉၀၀၀ ကျပ်လျှော့၍လည်းကောင်း၊ ၂၆-၁၁-၂၀၁၄ နေ့ဝယ်ရာတွင် ပေါက်ဈေးထက် ၇၀၀၀ ကျပ်လျှော့၍လည်းကောင်း၊ ၅-၁-၂၀၁၅ နေ့ဝယ်ရာတွင် ပေါက်ဈေးထက် တစ်တင်းလျှင် ၆၀၀၀ ကျပ်လျှော့၍ ဝယ်ခဲ့ကြောင်းလည်း တွေ့ရသည်။ အဆိုပါ ပဲဘောက်ချာမူရင်းများတွင်လည်း မတ်လကုန် ပဲအပ်ရန်ဟု ဖော်ပြထားသည်။

၂၀၁၅ ခုနှစ်၊ မတ်လကုန်တွင် တရားပြိုင်များဘက်မှ မတ်ပဲများမပေးသွင်း၍ တရားလိုဘက်က မတ်ပဲကာလပေါက်ဈေး ပဲတစ်တင်းလျှင် (၄၀၅၀၀) ဈေးနှုန်းဖြင့် ပဲဘိုးငွေ (၆၃၆၀၉၃၇) ကျပ်တောင်းဆိုရာ တရားပြိုင်များမှပေးခဲ့ခြင်းမရှိသဖြင့် တရားလိုက သက်သေခံ(ဂ) နို့တစ်စာပေးပို့ခဲ့ရာ တရားပြိုင်များဘက်က မတ်ပဲတစ်တင်းဈေးနှုန်းအား (၄၀၅၀၀) ကျပ်နှုန်းဖြင့် ဈေးဖြတ်ခြင်းကတိပြုခြင်းမရှိ၍ မပေးနိုင်ကြောင်း သက်သေခံ(ဃ)စာဖြင့်အကြောင်းပြန်ခဲ့ကြောင်းတွေ့ရပြီး၊ တရားပြိုင်များ၏ အချေလွှာနှင့် ထွက်ဆိုချက်များအရ တရားလိုသို့ မတ်ပဲများပေးရန် ပဲများကြိုတင်စုဆောင်းရာတွင် တောင်သူများထံငွေများကြိုပေးခဲ့ရကြောင်း၊ ပဲရာသီတွင် ပဲသီးနှံထွက်မကောင်း၍ ပဲမထွက်သဖြင့် တောင်သူများက ၎င်းတို့ထံ ပဲများ မသွင်းနိုင်သောကြောင့် ၃၁-၃-၂၀၁၅ နေ့တွင် တရားလိုသို့ မတ်ပဲများမအပ်နိုင်ခဲ့ကြောင်း တွေ့ရှိပေါ်ပေါက်သည်။

တရားပြိုင် ဦးမောင်မောင်မြင့် ပါ- ၂ ဦးမှာ တရားလိုနည်းတူ အခြားသူများထံ မတ်ပဲများ ပြန်လည်မပေးသွင်းနိုင်၍ ၎င်းတို့ပိုင်အိမ်နှင့်ခြံအား ရောင်းချပြီးပေးရန် အိမ်နှင့်ခြံအား အပ်နှံကြောင်းနှင့် ငွေပေးဆပ်ရန်ရှိသူများစာရင်းနှင့် တကွ ဟသ်ာတကုန်စည်အဝယ်ဒိုင်သို့ အပ်နှံကြောင်း အကြောင်းကြားစာ သက်သေခံ(ခ) စာအရတွေ့ရှိရပြီး ထိုစာရင်းတွင်လည်း ဦးစိန်ဝင်း ရရန်မတ်ပဲအိတ်မှာ ၁၀၅၀ ဟုပေါ်ပေါက်သည်။ ကုန်စည်ဒိုင်မှအစီအစဉ်ကိုလည်း တရားလို ဦးစိန်ဝင်းမှ လက်မခံ၍ တရားပြိုင်များအပေါ် အဆိုပြုစွဲဆိုလာခြင်း ဖြစ်သည်။

မူလရုံးတရားလိုသည် သက်သေခံ(က)(က-၁)၊ (က-၂) အဖြစ် သက်သေခံတင်သွင်းထားသော ပြေစာ (၃) စောင်ကို အားကိုးအားထားပြုပြီး ဤအမှုကိုစွဲဆိုခြင်းဖြစ်သည်။ ယင်းပြေစာမူရင်းများအရ မူလရုံးတရားပြိုင်သည် မတ်လကုန်တွင် ပဲအပ်ရန်ကတိပြုထားသည်။ သို့ရာတွင် တရားလိုက ၃၁-၃-၂၀၁၅ နေ့တွင် ၎င်းဝယ်ယူထားသည့်ပဲများကို တရားပြိုင်များထံတွင် ဆက်လက်သိုလှောင်ထားခဲ့ကြောင်း ထွက်ဆိုထားသည်။ သို့ဖြစ်၍ ပဲအပ်နှံရန်သတ်မှတ်ထားသောနေ့တွင် တရားလိုက ပဲကိုရယူခြင်းမပြုကြောင်း ပေါ်ပေါက်သည်။ ထိုသို့ဆက်လက်အပ်နှံသိုလှောင်သောကိစ္စနှင့်စပ်လျဉ်း၍ တရားလိုနှင့်တရားပြိုင်များ ကြားတွင် နောက်ထပ်ပဋိညာဉ်တစ်စုံတစ်ရာပြုလုပ်ထားရှိကြောင်း ပေါ်ပေါက်မှုမရှိပေ။ ပဲအပ်နှံရန်နေ့တွင်

ပဲအပ်နှံခြင်းကိစ္စကိုမပြုလုပ်ကြခြင်းသည် တရားပြိုင်၏ပျက်ကွက်မှုဖြစ်ကြောင်း၊ တရားလိုဘက်မှဖော်ထုတ်ထွက်ဆိုထားကြောင်းမတွေ့ရှိရပေ။ ထို့ကြောင့် တရားလို အဆိုပြုသည့်ဖြစ်ရပ်သည် ကုန်စည်ရောင်းချခြင်းသက်သက်မဟုတ်ကြောင်း မြင်သာသည်။

ကုန်စည်ရောင်းချခြင်းအက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(၁)တွင် "ဝယ်ယူသူ" ဆိုသည်မှာ ကုန်စည်ဝယ်ယူသူ သို့မဟုတ် ကုန်စည်ဝယ်ယူရန်သဘောတူသူကိုဆိုသည်ဟူ၍လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ ၁၂ တွင် ရောင်းချသူဆိုသည်မှာ ကုန်စည်ကိုရောင်းချသူ သို့မဟုတ် ရောင်းချရန်သဘောတူသူကိုဆိုသည်ဟုလည်းကောင်း ဖွင့်ဆိုထားသည်။ တရားလိုသည် တရားပြိုင်ထံမှ မတ်ပဲ (၁၀၅၀) အိတ်ကိုဝယ်ယူသည်အချိန်က တည်ရှိနေသည့်ဈေးနှုန်းဖြင့်လက်ငင်းငွေပေးချေဝယ်ယူသည်ဟုဆိုသည်။ ထိုဝယ်ယူသည်ဆိုသည့်အချိန်က ကုန်စည် (ပဲ) သည် ရောင်းသူထံတွင်မရှိ၊ အဆိုပါဝယ်ယူသည့်ပဲကို မတ်လကုန်တွင်အပ်ရန်ပြေစာ သက်သေခံ(က) (က-၁)၊ (က-၂)တို့တွင်ဖော်ပြထားသည်။ မတ်လကုန်သတ်မှတ်ထားသည့်နေ့တွင် တရားလိုက ပဲများကိုမယူဘဲ တရားပြိုင်ထံတွင် ဆက်လက်သိုလှောင်ထားသည်ဟုထွက်ဆိုသည်။ ထို့ကြောင့် တရားလို၏အဆိုလွှာ ထွက်ဆိုချက်တို့တွင် တရားပြိုင်ထံမှ မတ်ပဲအိတ် (၁၀၅၀) ဝယ်ယူသည်ဆိုသော်လည်း ကုန်စည်ရောင်းချခြင်းအက်ဥပဒေပါပြဋ္ဌာန်းချက်များနှင့်ညီညွတ်သည့် အရောင်းအဝယ်ဖြစ်သည်ဟုဆိုနိုင်မည်မဟုတ်ပေ။ သို့ဖြစ်ရာ အယူခံတရားလို၏တရားလွှတ်တော်ရှေ့နေက ကုန်စည်ရောင်းချခြင်းဥပဒေ၊ ပုဒ်မ ၅၇၊ ၆၀၊ ၆၁ တို့ကိုရည်ညွှန်း၍ မူလရုံးတရားပြိုင်အပေါ် နစ်နာကြေးသာမကအတိုးငွေပါတရားစွဲဆို တောင်းဆိုနိုင်ကြောင်း တင်ပြချက်ကို လက်ခံနိုင်မည်မဟုတ်ပေ။ ယခုအမှုမှာ မူလရုံးတရားလို (အယူခံတရားလို)က မူလရုံးတရားပြိုင်များ (အယူခံတရားပြိုင်များ) အပေါ် မတ်ပဲအိတ် ၁၀၅၀ အတွက်တစ်တင်းလျှင် ကျပ် ၄၀၅၀ဝ/- ဈေးဖြင့် ကျသင့်ငွေကိုရလိုကြောင်း တောင်းခံသည့်အမှုဖြစ်ပြီး နစ်နာကြေးလျော်ကြေးများ ရလိုကြောင်း တရားစွဲဆိုခြင်းမဟုတ်ပေရာ အယူခံတရားလို၏တရားလွှတ်တော်ရှေ့နေ၏တင်ပြချက် သည် လက်ခံစဉ်းစားရန်အကြောင်းမပေါ်ပေါက်ပေ။

အယူခံတရားလို၏တရားလွှတ်တော်ရှေ့နေက တရားလိုသည် မတ်ပဲဝယ်ချိန်တွင်ငွေအကြေပေးချေသော်လည်း ဝယ်သူက မတ်ပဲလက်ဝယ်မရခဲ့ကြောင်း ဝယ်သူအား မတ်ပဲထုတ်ပေးရန် တောင်းဆိုချိန်တွင် ရောင်းချသူတရားပြိုင်က မတ်ပဲကိုလည်းကောင်း၊ ထိုနေ့၏မတ်ပဲပေါက်ဈေး တစ်တင်းလျှင် ၄၀၅၀၀ ကျပ်ကိုလည်းကောင်းပေးချေရန် ပျက်ကွက်သဖြင့် ဝယ်သူမှဝယ်ယူစဉ် ရောင်းသူသို့ပေးချေခဲ့သောငွေပမာဏနှင့် ရောင်းသူမှ ကုန်ပစ္စည်းထုတ်ပေးရန်ပျက်ကွက်သောနေ့ပေါက်ဈေးကွာခြားချက် ငွေကြေးပမာဏကိုရထိုက် ခွင့်ရှိကြောင်း၊ **ဦးရွှေလုံး နှင့် မစ္စတာခါချောင် အမှု** [၁] ကိုရည်ညွှန်းကိုးကား၍တင်ပြသည်။

အဆိုပါအမှုသည် နှစ်ဖက်အမှုသည်တို့ ဆေးရွက်ကြီးအရောင်းအဝယ်ပြုကြရာတွင် ဝယ်သူက စရန်ငွေ (ကြိုတင်ငွေ)ပေးပြီး ရောင်းသူက ပစ္စည်းထုတ်ပေးသည့်အချိန်တွင် ပဋိညာဉ်ပါပစ္စည်း အရည်အသွေးနှင့်မညီညွတ်ဟုပြော၍ ကျန်ပစ္စည်းကိုဝယ်သူက လက်မခံ(မယူ)ဘဲ ပေးထားသည့်ငွေ ပြန်လည်ရရှိရန် တရားစွဲပြီး ရောင်းသူကလည်း ဝယ်သူကပစ္စည်းလက်မခံသဖြင့် ပစ္စည်းကိုလျော့ဈေးဖြင့်အရှုံးခံပြီး

---

၁။ ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၁၀၆

ပြန်လည်ရောင်းချ (resale) ရသည့်အတွက် ပဋိညာဉ်ပါရောင်းဈေးနှင့် လျော့ပြီးအရှုံးခံရောင်းရသည့် ဈေးနှုန်းကွာခြားချက်ကို သက်သာခွင့်အဖြစ်ရရှိရန် ရောင်းသူ (တရားလို) အပေါ် အပြန်အလှန်တောင်းခံ စွဲဆို (Counter Claim) ခဲ့ရာတွင် ဆုံးဖြတ်သောအမှုဖြစ်ရာ ယခုအမှုဖြစ်စဉ်နှင့်တူညီခြင်းမရှိပေ။ သို့ဖြစ်၍ ကုန်စည်ရောင်းချရေးဥပဒေ၏ အကာအကွယ်အခွင့်အရေးနှင့် အဆိုပါ စီရင်ထုံးမှ ရည်ညွှန်းသော ပဋိညာဉ် အက်ဥပဒေပုဒ်မ ၇၃ ပြဋ္ဌာန်းချက်များကိုလည်း သုံးသပ်ရန်လိုအပ်မည်မဟုတ်ပေ။

သက်သေခံ(က)(က-၁)(က-၂)ပြေစာများအရ တရားလို ဦးစိန်ဝင်း သည် မူလရုံးတရားပြိုင် များမှ ၄-၁၁-၂၀၁၄ နေ့တွင် မတ်ပဲအိတ် (၅၀၀) ကို တစ်တင်းလျှင် ၁၉၅၀၀ိ/- ဈေးဖြင့်လည်းကောင်း၊ ၂၆-၁၁-၂၀၁၄ နေ့တွင် မတ်ပဲအိတ် ၃၀၀ ကို တစ်တင်းလျှင် ၂၀၀၀၀ ကျပ် ဈေးဖြင့်လည်းကောင်း၊ ၅-၁-၂၀၁၅ နေ့ တွင် မတ်ပဲအိတ် (၂၅၀) ကို တစ်တင်းလျှင် ၂၃၀၀၀ိ/- ဈေးဖြင့်လည်းကောင်း ဝယ်ယူသည်ဟုဆိုသည်။ ဝယ်ယူစဉ် က ရောင်းသူတွင် ပဲ (ပစ္စည်း) မရှိ၊ မတ်ပဲတစ်တင်းဈေးနှုန်းမှာလည်း အချင်းဖြစ်နေ့များက ပေါက်ဈေးထက် ၉၀၀၀ိ/-၊ ၇၀၀၀ိ/-၊ ၆၀၀၀ိ/- လျော့ပြီးပေးချေရောင်းဝယ်ကြခြင်းဖြစ်သည်။အဆိုပါ မတ်ပဲအိတ် ၁၀၅၀ ကို မတ်လကုန် (၃၁-၃-၂၀၁၅) နေ့တွင် အပ်ရန်ကတိပြုကြသည်။ သီးခြားပဋိညာဉ်မရှိကြ။ ရောင်းသူတရားပြိုင် များက ပြေစာသက်သေခံ(က) (က-၁) (က-၂) တို့ကို ဖြတ်ပေးပြီး မတ်လကုန်တွင် ပဲပေးရန်ဖော်ပြ ထားသော်လည်း မတ်လကုန် (၃၁-၃-၂၀၁၅) နေ့တွင် မူလရုံးတရားလိုနှင့်တရားပြိုင်တို့ ပြေစာပါကတိကဝတ်အတိုင်း မတ်ပဲပေးခြင်း၊ ယူခြင်းမပြုကြ၊ ထိုသို့ပေးခြင်းယူခြင်းမပြုကြသည့်အတွက်လည်း နောက်ထပ်ပဋိညာဉ်၊ အပေးအယူ၊ သဘောတူညီချက် တစ်စုံတစ်ရာပြုခဲ့ကြကြောင်း ပေါ်ပေါက်ခြင်းမရှိပေ။ တရားလိုက တရားပြိုင်များထံတွင် မတ်ပဲများကိုထားရှိသိုလှောင်ထားသည်ဟုသာ ထွက်ဆိုထားသည်။ မတ်လကုန် ၃၁-၃-၂၀၁၅ နေ့တွင် မတ်ပဲဈေးမည်မျှရှိသည်လည်း နှစ်ဖက်မှတင်ပြထားခြင်းမရှိကြပေ။ အဆိုပါ မတ်ပဲများ ကို ရောင်းသူက ပေးအပ်နိုင် ခြင်းမရှိပါက မည်သို့ဆက်လက်ဆောင်ရွက်မည်ဟု ပဋိညာဉ်ရှိကြောင်းကိုလည်း တရားလိုဘက်မှ တင်ပြထားခြင်းလည်းမရှိပေ။

မူလရုံးတရားလိုက နှစ်စဉ်နှစ်တိုင်း ဓလေ့ထုံးစံအရ ပဲဝယ်သူအလိုရှိသည့်အချိန်တွင် ဈေးဖြတ်၍ ပဲဘိုးရှင်းပေးရမည့်ထုံးစံဓလေ့ရှိကြောင်း တင်ပြသည်။ ဤသို့ဆိုလျှင် တရားလိုတင်ပြသည့် သက်သေခံ(က)(က-၁)(က-၂) ပြေစာများ၌ မတ်လကုန်တွင် ပဲအပ်ရန်ဟုဖော်ပြရေးသားရန်လိုအပ်မည် မဟုတ်ပေ။ မတ်လကုန် ၃၁-၃-၂၀၁၅ နေ့တွင် ပဲအပ်ရန်အတွက်သာ ပြေစာတွင်ပါရှိရာ ပဲ(ပစ္စည်း) မအပ်နိုင် သည့်အတွက် ရောင်းသူ (တရားပြိုင်များ)သည် ပြေစာပါကတိပဋိညာဉ်ကိုချိုးဖေါက်ရာရောက်သည်မှာ မြင်သာသည်။

သို့ဖြစ်၍ မတ်လကုန် ၃၁-၃-၂၀၁၅ နေ့တွင် တရားပြိုင်များ (အယူခံတရားပြိုင်)များသည် မတ်ပဲအိတ် (၁၀၅၀) ကိုပေးအပ်ရန် ပဋိညာဉ်ကိုချိုးဖျောက်သဖြင့် မတ်ပဲအိတ် (၁၀၅၀) အိတ်ကိုဖြစ်စေ၊ မတ်ပဲအိတ် (၁၀၅၀) အတွက် ၃၁-၃-၂၀၁၅ နေ့တွင်ဖြစ်ပေါ်နေသည့် ပေါက်ဈေးဖြင့်ဖြစ်စေ၊ တရားလို (အယူခံ တရားလို)အား ပေးချေရန်တာဝန်ရှိသည်မှာ ထင်ရှားသည်။

တရားလိုနှင့် (လိုပြ-၁)ဦးမောင်မောင်ထွေး တို့က ၂၂-၇-၂၀၁၅ နေ့တွင် တရားလိုနှင့် တရားပြိုင် ဦးမောင်မောင်မြင့်တို့တွင် ကုန်စည်ဒိုင်တွင် မတ်ပဲဈေးကို တစ်တင်းလျှင် (၄၀၅၀ဝိ/-) ဖြင့်ဈေးဖြတ်ကြကြောင်း တင်ပြထွက်ဆိုသည်။ တရားလိုက ထိုနေ့က ဈေးဖြတ်သည့်အတိုင်း ပဲတစ်တင်းလျှင် ၄၀၅၀ဝိ/- ဖြင့်ဈေးနှုန်းဖြင့် တရားပြိုင်များထံမှ မတ်ပဲအိတ် ၁၀၅၀ အတွက် ကျသင့်ငွေကို တရားစွဲဆိုတောင်းခံနေခြင်းဖြစ်သည်။ ထိုသို့ဈေးဖြတ်သည်ဆိုသည့် တင်ပြချက်ကို မူလရုံးတရားပြိုင်များက ငြင်းဆိုထားသည်။ တရားလိုဘက်မှပဲအရောင်းအဝယ်ဓလေ့ထုံးတမ်းများကိုတင်ပြသည်။ သို့ရာတွင် အမှုတွင် တရားလိုဘက်မှတင်ပြသော ပြေစာ(က)(က-၁)(က-၂) သက်သေခံစာမှတ်စာတမ်းများထက် ခိုင်မာသည့် သက်သေခံချက်များမဟုတ်ပေ။ တရားလိုများတင်ပြသည့် မတ်ပဲဈေးဖြတ်သည်ဆိုသော နေ့ရက်နှင့် အကြောင်းအရာများကို သက်သေခံ(က)(က-၁) (က-၂) တို့ပါ နှစ်ဖက်အမှုသည်များသဘောတူပြုလုပ်ထားသည့် ပြေစာပါအကြောင်းများကိုကျော်လွန်၍ သုံးသပ်ရန်သင့်မည်မဟုတ်ပေ။

သက်သေခံ(က)(က-၁)(က-၂) ပြေစာပါ အချက်အလက်များအရ တရားလို(အယူခံတရားလို) သည် မတ်လကုန် ၃၁-၃-၂၀၁၅ နေ့တွင် တရားပြိုင်များ(အယူခံတရားပြိုင်များ) ကပေးအပ်ရန် တာဝန်ရှိသည့် မတ်ပဲအိတ် (၁၀၅၀) သို့မဟုတ် အဆိုပါနေ့တွင်ဖြစ်ပေါ်နေသည့် မတ်ပဲဈေးနှုန်းဖြင့် ပဲအိတ် (၁၀၅၀) အတွက် တန်ဘိုးကိုရထိုက်သည်။ သို့ရာတွင် တရားလိုဘက်က ၃၁-၃-၂၀၁၅ နေ့ မတ်ပဲပေါက်ဈေးကို တင်ပြထားနိုင်ခြင်းမရှိ၊ အမှုတွဲပါအခြား ခိုင်မာသည့် ထွက်ဆိုချက် အထောက်အထားများအရလည်း ပေါ်ပေါက်မှုမရှိပေ။

ကုန်စည်လုပ်ငန်းအရောင်းအဝယ်ဓလေ့ထုံးတမ်းအရ ပဲမအပ်နိုင်လျှင် ကာလပေါက်ဈေး တွက်ချက်၍ပေးချေရမည်ဖြစ်ကြောင်း၊ ဦးထွန်းရင် ပါ -၂ နှင့် ဦးမောင်၊ ၂၀၀၃ ခုနှစ်၊ တရားမအထွေထွေ လျှောက်လွှာ(အထူး)အမှတ် ၁၉၂၊ ၂ ပါးထိုင် (ရန်ကုန်) ၏စီရင်ချက်ကို အယူခံတရားလိုဘက်မှတင်ပြထားသည်။ အဆိုပါ အမှုတွင် ကြိုတင်ပေးငွေများကို လက်ခံထားသည့်ပြေစာများတွင် ပဲအပ်ရမည့်အချိန်ကာလ ဖော်ပြထားခြင်းမရှိပေ။ ယခုအမှုတွင် မတ်လကုန်တွင်ပဲအပ်ရန်အချိန်ကာလသတ်မှတ်ထားရာ ဤစီရင်ထုံးသည် ယခုအမှုအတွက် အဖြေမဟုတ်သည်မှာမြင်သာသည်။

မူလရုံးတရားပြိုင်များ၏ချေလွှာအရ ၅-၁-၂၀၁၅ နေ့တွင် မတ်ပဲတစ်တင်းအမှန်ပေါက်ဈေးမှာ ၂၉၀၀၀ဝိ/-ဖြစ်ကြောင်း ဝန်ခံထားသည်။ ကုန်စည်ဒိုင်စာရေး ဦးရန်ဆွေဝင်း (လိုပြ-၃)၏ ပဲဈေးနှုန်းထွက်ဆိုချက်တွင် ၃၁-၅-၂၀၁၅ နေ့ မတ်ပဲပေါက်ဈေး ၄၁၃၀ဝိ/-၊ ၄၁၄၀ဝိ/- ဈေးပေါက်ကြောင်းထွက်ဆိုထားသည်။ သို့ဖြစ်၍ ၃၁-၅-၂၀၁၅ နေ့ မတ်ပဲအဖွင့်ဈေး ၄၁၃၀ဝိ/- ဖြစ်ရာ ဇန်နဝါရီလမှ မတ်လကုန်အထိ ၅ လ အတွင်းတစ်လလျှင် မတ်ပဲတစ်တင်း ၂၄၆ဝိ/- စီပျမ်းမျှဈေးနှုန်းမြင့်တက်သွားကြောင်းတွေ့ရှိရသည်။ သို့ဖြစ်၍ မတ်ပဲအပ်နှံရန်သတ်မှတ်ထားသည့် ၃၁-၃-၂၀၁၅ နေ့တွင် ဇန်နဝါရီလပေါက်ဈေး (၂၉၀၀ဝိ/-) တွင် ဇန်နဝါရီလမှ မတ်လကုန်အထိ ၃ လအတွင်း မတ်ပဲဈေးသည် ၂၄၆ဝိ/- × ၃ = ၇၃၈ဝိ/-ပျမ်းမျှတက်မည့်ဖြစ်၍ မတ်လကုန်တွင်ရှိမည်ပျမ်းမျှမတ်ပဲဈေးမှာ ၂၉၀၀ဝိ+ ၇၃၈ဝိ = ၃၆၃၈ဝိ/- ဖြစ်ကြောင်းတွေ့ရှိရသည်။ သို့ဖြစ်၍ မူလရုံးတရားလိုက တရားပြိုင်များထံမှရရန်ရှိသည့် မတ်ပဲ ၁၀၅၀ အိတ်အတွက် တန်ဘိုးမှာ (၁၀၅၀ အိတ် × ၁.၅ တင်း × ၃၆၃၈ဝိ = ၅၇၂၉၈၅ဝဝိ/- ရထိုက်ခွင့်ရှိပေသည်။

ဤအခြေအနေတွင် မူလရုံးတရားလိုသည် တရားပြိုင်များထံမှ မတ်ပဲကြိုပွိုင့်ဝယ်ယူခြင်းဖြစ်ကြောင်း၊ မတ်ပဲဘိုးငွေများပေးအပ်နိုင်ခြင်းမရှိ၍ နှစ်ဦးသဘောတူညီချက်အရ မတ်ပဲတစ်တင်းလျှင် ၄၀၅၀၀ိ/- နှုန်းဈေးဖြတ်ခဲ့ခြင်းမှာ ထင်ရှားမှုမရှိသောကြောင့် ပေးအပ်ရန်တာဝန်မရှိကြောင်း သုံးသပ်ပြီး တရားပြိုင်များရယူငွေ(၃၂၁၈၉၀၆၂)ကျပ်အားပြန်လည်ပေးအပ်ရန်ချမှတ်ခဲ့သည့်စီရင်ချက်နှင့်ဒီကရီ၊ အဆိုပါ ဒီကရီကိုအတည်ပြုခဲ့သော ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်တို့၏ ဒီကရီများသည် သက်သေခံစာမှတ်စာတမ်းတွင် ရေးမှတ်ချက်များအပေါ် မည်သို့အကျိုးသက်ရောက်ကြောင်း သုံးသပ်ရန် ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြင်ဆင်တည့်မတ်ရန် လိုအပ်လျက်ရှိပေသည်။ သို့မှသာ မြန်မာနိုင်ငံတရားဥပဒေများဆိုင်ရာအက်ဥပဒေပုဒ်မ ၁၃(၃)အရ တရားရုံးက တရားမျှတမှု၊ သာနာ ညီမျှမှု၊ မွန်မြတ်သော အသိတရားတို့အရ အဆုံးအဖြတ်ပေးရာရောက်ပေမည်။

သို့ဖြစ်၍ ဤတရားမအယူခံမှုကို တစ်စိတ်တစ်ဒေသခွင့်ပြုသည်။ မူလ ဟင်္သာတခရိုင်တရားရုံး၏ စီရင်ချက်၊ ဒီကရီကို အတည်ပြုခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က အယူခံတရားပြိုင်များသည် အယူခံတရားလိုသို့ မတ်ပဲဝယ်ရန်ပေးထားသော ငွေ ၃၂၁၈၉၀၆၂ ကျပ်ကို ပြန်လည်ပေးဆပ်စေရန် ချမှတ်သော စီရင်ချက်နှင့်ဒီကရီအစား အယူခံတရားလိုသည် အယူခံတရားပြိုင်များထံမှ မတ်ပဲအိတ် (၁၀၅၀) အိတ် တန်ဘိုးငွေ (၅၇၂၉၈၅၀၀ိ/-) ကျပ်အား စရိတ်နှင့်တကွရထိုက်ကြောင်း ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀ိ- သတ်မှတ်သည်။

(စိုးနိုင်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး